

*Photo Credited: Free Burma Ranger*

# ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်း အမျိုးသမီးများ၏ အခြေအနေ သုံးသပ်ချက်

မြန်မာ့အမျိုးသမီးသမဂ္ဂမှ ထုတ်ဝေသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

## ၁. နိဒါန်း

အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ မြန်မာပြည်သူတစ်ရပ်လုံးသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းများဖြင့် စတင်ပါဝင်လာခဲ့ကြပြီး နောက်ပိုင်းတွင် ပိုမိုဆိုးရွားလာသော အကြမ်းဖက် နှိမ်နင်း၊ ဖမ်းဆီး၊ ပစ်ခတ် သတ်ဖြတ်မှုများကြောင့် ရရာလက်နက်ဖြင့် ခုခံတော်လှန်သည့် လက်နက်ကိုင် တော်လှန်ရေးအဆင့် အထိ တက်လှမ်းခဲ့ကြသည်။ ၂၀၂၁ ခုနှစ်မှစ၍ သုံးနှစ်တာကာလ အတွင်း နိုင်ငံအနှံ့ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများတွင် အကြမ်းဖက်စစ်အုပ်စုဖက် စစ်အုပ်စု၏ လေယာဉ်ဖုံးကျဲခြင်း၊ လူထုကိုပစ်မှတ်ထား သည့် လက်နက်ကြီးများပစ်ခတ်ခြင်း၊ ရွာမီးရှို့ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများကြောင့် ပြည်သူများအနေဖြင့် နေရပ်စွန့်ခွာရမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အသက်သေဆုံးမှုများ၊ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးမှုများစသည့် ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်နေရပြီး တနိုင်ငံလုံးတွင် မလုံခြုံမှုများစွာဖြစ်ပေါ်နေသည်။ လက်ရှိအခြေအနေတွင် တရားမဝင် စစ်မှုထမ်း ဥပဒေ၏ နောက်ဆက်တွဲ ဖမ်းဆီးခံရမှုများ၊ ငွေညစ်ခြင်းများ၊ အင်တာနက်ဖြတ်တောက်ခြင်းနှင့် ဗီပီအန် VPN (Virtual Private Network) အသုံးပြုသူများကို စစ်ဆေးဖမ်းဆီးခြင်းများပါ ပြုလုပ်လာပြီး အကြမ်းဖက်စစ်အုပ်စုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆိုးဝါးစွာ ဆက်လက် ကျူးလွန်လျက်ရှိပါသည်။

တော်လှန်ရေးကာလ (၃)နှစ်ကျော်ရှိလာသည့်တိုင် တော်လှန်ရေးတွင် အမျိုးသားများနည်းတူ အမျိုးသမီး များနှင့် လိင်စိတ်ခံယူမှု အမျိုးမျိုးရှိသူများ၏ ပါဝင်မှုများနှင့် စွန့်လွှတ်ပေးဆပ်မှုများသည် ရပ်တန့်သွားခြင်း၊ လျော့နည်းသွားခြင်း မရှိဘဲ အရှိန်အဟုန်ဖြင့် ဆက်လက် ပါဝင်နေပြီး အကြမ်းဖက် စစ်အုပ်စုကို တော်လှန်နေကြဆဲဖြစ်သည်။ မတည်ငြိမ်မှု ပဋိပက္ခများနှင့် တိုက်ပွဲများကြားတွင် ကြံ့ကြံ့ခိုင် ရပ်တည်နေဆဲဖြစ်သည်။ အကြမ်းဖက်စစ်တပ်မှ လက်နက်ကြီး/ငယ်များ ပစ်ခတ်ခြင်း၊ စစ်ကြောင်း ထိုးခြင်း၊ လေယာဉ်ဖုံးကျဲခြင်းကဲ့သို့သော အခြေအနေများအောက်တွင် ဆက်လက်တော်လှန်ရုန်းကန် နေကြသည်။

ယခု သုံးသပ်ချက်တွင် ၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လအတွင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသော ပဋိပက္ခများအတွင်း အမျိုးသမီးများ၏ အခြေအနေအရပ်ရပ်ကို မြန်မာ့အမျိုးသမီးသမဂ္ဂမှ သုံးသပ် တင်ပြထားခြင်းဖြစ်ပါသည်။ လက်တွေ့မြေပြင် အခြေအနေတွင် မိမိတို့အနေဖြင့် သတင်း အချက်အလက် ရရှိနိုင်မှုနှင့် သတင်းစီးဆင်းမှုများ၌ ကန့်သတ်မှုများ ရှိနေခြင်းကြောင့် ကိန်းဂဏန်းနှင့် အချက်အလက် များသည် ယခုထက်ပိုမိုများပြားနိုင်သည်။

## ၂. စစ်ပွဲများကြားမှ အမျိုးသမီးများ အခြေအနေ

မြန်မာပြည်တစ်ဝှမ်းလုံးတွင် အကြမ်းဖက်စစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစုများကြား တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေသည်။ နိုင်ငံတကာမြန်မာ့သတင်း(BNI) ၏ စုစည်းချက်များအရ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် အကြမ်းဖက်စစ်တပ်နှင့် တော်လှန်ရေး အင်အားစုများကြား တိုက်ပွဲပေါင်း (၇၁) ကြိမ် ဖြစ်ပွားခဲ့သည်။[1] ထို့အတူ မေလတွင်လည်း တိုက်ပွဲပေါင်း (၆၅) ကြိမ်ဖြစ်ပွားခဲ့သည်။[2] ထို့ပြင် ဇွန်လတွင်လည်း ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်တို့တွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်လာခဲ့သည်။ ယင်းကဲ့သို့ တိုက်ပွဲများပြင်းထန်နေခြင်းသည် အမျိုးသမီးများနှင့် နိုင်ငံတဝှမ်းလုံးတွင် စစ်ရေးအရှိန် မြင့်တက်လာခြင်း၏ ပြောင်းပြန်သက်ရောက်မှု တခုဖြစ်သော လုံခြုံစွာတိမ်းရှောင်နိုင်သည့် နယ်မြေများ ပိုမိုကျဉ်းမြောင်းနည်းပါးလာသည်။


*Photo Credited: Burma News International*

ကလေးသူငယ်များအပေါ် စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် ကြီးမားသော သက်ရောက်မှုများရှိလာသည်။ တိုက်ပွဲများကြောင့် ပြည်သူများ အနေဖြင့် နယ်မြေဒေသများ ရွှေ့ပြောင်းကြရပြီး လေကြောင်းဗုံးကျဲခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ ရပ်ရွာများမီးရှို့ခံရခြင်း၊ အရပ်သားပြည်သူများအား မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ

[1]BNI Burma News International,14 May 2024 https://mmpeacemonitor.org/327714/peace-monitoring-dashboard-april-2023-2/

[2] BNI Burma News International, 17 June 2024 https://mmpeacemonitor.org/328375/peace-monitoring-dashboard-may-2023-2/

အကြမ်းဖက်ခြင်းများကို သိသာထင်ရှားစွာ ဆက်လက်ကျူးလွန်နေသည်။ ရခိုင်ဒေသများတွင်မူ စစ်တပ်မှ လမ်းကြောင်းများ ပိတ်ဆို့ထားသဖြင့် လုံခြုံရာသို့ တိမ်းရှောင်ရန် အခက်အခဲများစွာ ရှိနေသည်။[3] အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ပဋိပက္ခကာလတွင် လူသားချင်း စာနာထောက်ထားမှု အကူညီများ အကြီးအကျယ်လိုအပ်နေသည်။ လေ့လာတွေ့ရှိချက်များ အရ မြန်မာပြည်အနှံ့ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခကာလအတွင်း အမျိုးသမီးများ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုလည်း အလွန်မြင့်တက်လာသည်။ ကရင်နီအမျိုးသမီး အစည်းအရုံး (KNWO) မှ တာဝန်ယူ ဖြေရှင်းပေးရသည့် ဖြစ်စဉ်များတွင် ကရင်နီဒေသအတွင်း အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ် အများဆုံးဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ၂၀၁၉ မှ ၂၀၂၄ ခုနှစ်အတွင်း KNWO ထံတွင်တိုင်ကြားလာသည့် အမှုပေါင်း (၃၀၀) ကျော်အထိရှိနေသည်။[4] ထို့ပြင်မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ အထိ မြေပြင် အချက်အလက်ကောက်ယူမှုအရ ပဋိပက္ခကာလများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပေါင်း (၂၉) မှုရှိသည်။ သို့သော် ပဋိပက္ခကာလများတွင် အမျိုးသမီးများအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်း အကြမ်းဖက်ခံရမှုများအပေါ် ပြည့်စုံသော အပြစ်ပေးအရေးယူရေး၊ တရားစီရင်ရေးစသည့် ယန္တယားများ မတည်ဆောက်နိုင်သေးသည့်အချက်နှင့် တရားစီရင်မှုများ အားနည်းနေခြင်းကလည်း အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားရန် တွန်းအားပေးနေပေသည်။

## ၂.၁. စစ်ရှောင်အမျိုးသမီးများ အခြေအနေ

အကြမ်းဖက်စစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစုများကြား ဖြစ်ပွားနေသော တိုက်ပွဲများနှင့် တိုက်ရိုက် အချိုးကျသည့် သက်ရောက်မှုမှာ မိမိတို့နေအိမ်များကို စွန့်ခွာတိမ်းရှောင်ရသည့် စစ်ရှောင်ဦးရေ များပြားလာခြင်း ဖြစ်သည်။ များပြားလာသည့် တိုက်ပွဲများကြားတွင် စစ်ရှောင်များသည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ ကုစားနှစ်သိမ့်မှုများလည်း များစွာ လိုအပ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ တပြည်လုံး အတိုင်းအတာဖြင့် စစ်ဘေးရှောင် ဦးရေ အဆမတန်တိုးလာခြင်းနှင့်အတူ ယခုနှစ် ၂၀၂၄ ခုနှစ်၊ မေလတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) အုပ်ချုပ်နယ်မြေအတွင်း နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသည့် အရပ်သား ဆယ်သိန်း ကျော်ရှိလာပြီ ဖြစ်ကြောင်း KNU မှ ဇွန်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။[5] ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ

---

[3] Development Media Group, 13 June 2024 https://web.facebook.com/dmgnewsagency/posts/pfbid0qepdpSuiu635NmaAfCsT8bT6RadLnfEmttBx5F1xUHXwCSFFKLZpRgmmAETuGTAol

[4] Kantarawaddy Times, 22 June 2024 https://web.facebook.com/KantarawaddyTimes/posts/pfbid0iUx6yAA9Lyejr5kjaLAYkXAeZPndPSzc9HqJb7B6CZ2v64UfPcSTkaRMTnrbLXYrl

[5] RFA Burmese, 20 June 2024

ညှိနှိုင်းရေးရုံး (UNOCHA) ၏ စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည့် ဒုက္ခသည် သုံးသန်းကျော်ရှိလာပြီ ဖြစ်သည်။



*Photo Credited: Metta Development Foundation, Families, including pregnant women, children, and disabled and elderly people, have fled shelling and airstrikes in northern Myanmar's Kachin State*

မြန်မာနိုင်ငံအတွင်း မုတ်သုံဝင်ရောက်၍ မိုးတွင်းကာလရောက်ရှိလာပြီဖြစ်သဖြင့် အဖျားအနာ ရောဂါများပြားလာခြင်းနှင့်အတူ နိုင်ငံတဝှမ်းမှ စစ်ရှောင်ပြည်သူများသည် ဆေးဝါးများနှင့် လုံခြုံသည့် အမိုးအကာများ လိုအပ်လျက်ရှိသည်။ တိုက်ပွဲပြင်းထန်လျက်ရှိသည့် ရခိုင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည် သုံးထောင်ကျော်သည် အရေးပေါ်ဆေးဝါးနှင့် စားနပ်ရိက္ခာများ လိုအပ်နေသည်။[6] မိုးတွင်းကာလဖြစ်သောကြောင့် အမိုးအကာမလုံခြုံခြင်း၊ ခြင်ထောင်မလုံလောက်ခြင်းနှင့် ယင်လုံအိမ်သာ လုံလောက်မှု မရှိခြင်း

https://web.facebook.com/rfaburmese/posts/pfbid0YQZsaga7e7bphW8MH7zwCDHFBW4MXVKxjeM9GvSLEBvzTFy3KKiKCk5uMazPu2U6l

[6] RFA Burmese, 16 June 2024 https://web.facebook.com/rfaburmese/posts/pfbid0oMUeHTf735pioXK5eDWkRrujVdspn1U7JrNE68sXt9AsMu2xFYgojwvcjFEgAFXil

တို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမည်ကိုပါ စိုးရိမ်နေကြရသည်။[7] ထို့ပြင် ကရင်နီပြည်နယ် လွိုင်ကော်အရှေ့ဘက်ခြမ်းတွင် တိုက်ပွဲအခြေအနေများကြောင့် ထပ်မံတိမ်းရှောင်လာသည့် စစ်ရှောင် ပြည်သူများသည်လည်း နေရာထိုင်ခင်း၊ အမိုးအကာနှင့် အကူအညီများ လိုအပ်လျက်ရှိသည်။[8]



*Photo Credited: Frontier Myanmar, A woman washes clothes at a camp for internally displaced persons in Myothit monastery in Mrauk-U, Rakhine State*

ထို့ပြင် စစ်ရှောင်များ၏ စားဝတ်နေရေးသည်လည်း ပိုမို ကြပ်တည်းလာကိုတွေ့ရသည်။ စစ်ရှောင် အမျိုးသမီးများသည် စားဝတ်နေရေး အခက်အခဲအား ရရာနည်းလမ်းဖြင့် ဖြေရှင်းရင်ဆိုင်နေကြရသည်။ ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ်အနောက်ခြမ်းရှိ စစ်ရှောင်စခန်းမှအမျိုးသမီးများသည် စားဝတ်နေရေးအတွက် ဟင်းတနပ်စာ ရရှိရန် တောထဲတွင် အင်ဥ ရှာဖွေကြရသည်။ အင်ဥအား တစ်နပ်စာထက် ပိုရှိပါက နို့ဆီတစ်ဘူး တစ်ထောင်ကျပ်ဖြင့် ပြန်လည် ရောင်းချကြောင်း သိရှိရသည်။[9]ပဋိပက္ခကာလအတွင်းမှ

7 Development Media Group, 22 June 2024 https://web.facebook.com/dmgnewsagency/posts/pfbid02hFdpXbR9gvAxftKqDpTmonoFppJ1Gh75FG9JyUheaxFdsZVuH11SVCP8wyhX4ag5l

8 Kantarawaddy Times, 13 June 2024 https://web.facebook.com/KantarawaddyTimes/posts/pfbid02noFztT7RjocAYzVQgLUngBegk7sfXYkmxRWCsVZxTrfXFMeSWkwBH7Y3Kvgg7i81l

9 9 June 2024, Kantarawaddy Times https://www.facebook.com/watch/?v=353185304142185&ref=sharing

စစ်ရှောင်အမျိုးသမီးများ၏ အခြေခံကျန်းမာရေးနှင့် လစဉ်သုံးပစ္စည်း လိုအပ်ချက်သည်လည်း တိုးသထက် တိုးလာလျက်ရှိသည်။ လစဉ်သုံးပစ္စည်း ရှားပါးခြင်းသည် ပစ္စည်းများ ပြတ်လပ်ခြင်းသည်လည်း အမျိုးသမီးများ၏ ကျန်းမာရေးကို လွန်စွာ ထိခိုက်လာလျက်ရှိသည်။ မတ်လ ၂၂ ရက်နေ့မှ ဧပြီ ၃ ရက်ထိ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်ရှိ ကျေးရွာ (၇) ရွာကျော်မှ အမျိုးသမီး (၉၀၀) ကျော်သည် အမျိုးသမီးကျန်းမာရေးနှင့် ပတ်သက်သည့် အသုံးဆောင်ပစ္စည်းများ လိုအပ်လျက် ရှိသည်။ စစ်ရှောင် အမျိုးသမီး အချင်းချင်း လိုအပ်သည်များကို မျှဝေကာ ဖြေရှင်းနေရသည်။ အမျိုးသမီး လစဉ်သုံး ပစ္စည်းများအား တထုပ် (၁၀၀၀) ကျပ်မှ စတင်ဝယ်ယူနိုင်ကာ စစ်ရှောင် အမျိုးသမီးများအတွက် အရေအတွက်များစွာ ဝယ်ယူရသည့် အခါငွေကြေးပိုင်း အခက်အခဲရှိကြောင်း စစ်ရှောင်ရေး ကူညီပေးနေသူများထံမှ သိရှိရသည်။[10]



*Photo: Myaelatt Athan, IDPs women from Salingyi Townships, Sagaing Region*

[10] 3 April 2024, မြေလတ်အသံ

https://www.myaelattathan.org/articles/%E1%80%85%E1%80%85%E1%80%BA%E1%80%9B%E1%80%BE%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%A1%E1%80%99%E1%80%BB%E1%80%AD%E1%80%AF%E1%80%B8%E1%80%9E%E1%80%99%E1%80%AE%E1%80%B8%E1%81%89%E1%81%80%E1%81%80%E1%80%80%E1%80%BB%E1%80%B1%E1%80%AC%E1%80%BA%E1%80%A1%E1%80%90%E1%80%BD%E1%80%80%E1%80%BA_%E1%80%9C%E1%80%85%E1%80%89%E1%80%BA%E1%80%9E%E1%80%AF%E1%80%B6%E1%80%B8%E1%80%95%E1%80%85%E1%80%B9%E1%80%85%E1%80%8A%E1%80%BA%E1%80%B8%E1%80%90%E1%80%BD%E1%80%B1%E1%80%A1%E1%80%9B%E1%80%B1%E1%80%B8%E1%80%95%E1%80%B1%E1%80%AB%E1%80%BA%E1%80%9C%E1%80%AD%E1%80%AF%E1%80%A1%E1%80%95%E1%80%BA%E1%80%94%E1%80%B1

ပဋိပက္ခများကြားတွင် ပြောင်းရွှေ့နေထိုင်ရသည့် စစ်ရှောင်ပြည်သူများမှာ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို အထူး လိုအပ်နေကြသည်။ အမျိုးသမီးနှင့် ကလေးသူငယ်များသည် ကျန်းမာရေး စောင့်ရှာက်မှုများကို အပြည့်အဝ မရရှိကြ၍ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများလည်း ဖြစ်ပေါ်နေသည်။ မော်ချီးဒေသမှ ၂ နှစ်အောက် ကလေးငယ်များသည် ကာကွယ်ဆေး ထိုးခွင့်မရသည်မှာ (၃) နှစ်ကျော်ပင် ရှိပြီဖြစ်ကြောင်း သိရသည်။ [11]



*Photo Credited: Healthcare workers in the Civil Disobedience Movement check children for signs of COVID-19 in Karenni State's Demoso Township, Agence France-Presse (AFP)*

အကြမ်းဖက်စစ်တပ်သည် လမ်းပန်းဆက်သွယ်ရေးမှ စတင်ကာ ဆက်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့တားမြစ်မှုများကို အစဉ်တစိုက် ပြုလုပ်နေဆဲဖြစ်သည်။ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသော ဒေသ များမှ စစ်ဘေးရှောင် ပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များသာမက ကျန်းမာရေး၊ စိတ်ပိုင်း ဆိုင်ရာ ကုစားမှုများနှင့် ဘဝပြန်လည်ရပ်တည်နိုင်ရေးအတွက်ပါ လိုအပ်ချက်များစွာရှိနေပြီး ခက်ခဲစွာ ရုန်းကန်နေကြရသည်။ လိုအပ်ချက်များစွာဖြင့် ရုန်းကန်နေရသည့် စစ်ရှောင်ပြည်သူများအပေါ် အကြမ်းဖက်စစ်တပ်မှ ကူညီထောက်ပံ့မှု တစုံတရာ မပြုလုပ်သည့်အပြင် စစ်ရှောင်ပြည်သူများကို လေကြောင်းတိုက်ခိုက်မှုများပင် ပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ် မေလ (၇) ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဂွယ်ကထောင် (၁၇မိုင်) ကျေးရွာ RC ဘုရားကျောင်းဝင်းထဲ၌ စစ်ရှောင်ပြည်သူများ

[11] Kantarawaddy Times, 11 June 2024
https://web.facebook.com/KantarawaddyTimes/posts/pfbid02JNQTJa87DFQtDJZw439FvbfRvnQvUEfu2jFcYuiyt2SWFAiELHHwdGPUDUCEwvshl

စားနပ်ရိက္ခာဝေမျှနေသည့်အနီးတွင် စစ်တပ်မှ ဂျက်တိုက်လေယာဉ်ဖြင့် လာရောက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။[12]


နိုင်ငံတကာ အဖွဲ့အစည်းများသည်လည်း မြန်မာနိုင်ငံမှ ဒုက္ခသည်များကို အကူအညီပေးနိုင်ရေးအတွက် ကြိုးပမ်းမှုများ ရှိနေသည်။ စစ်ရေးပဋိပက္ခအရှိန်အဟုန် တိုးမြင့်လာမှုများကြောင့် စစ်ဘေးသင့် ပြည်သူများနှင့် ရိုဟင်ဂျာများအား လူသားချင်းစာနာမှုအကူအညီများပေးနိုင်ရန် ယူရို ၁၅ သန်း ထပ်မံတိုးမြှင့် ကူညီမည်ဟု ဇွန်လ ၂၀ရက်နေ့ တွင် ဥရောပသမဂ္ဂ (EU) ထုတ်ပြန်ထားခြင်းများလည်း ရှိသည်။ [13] သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် စစ်ရှောင်ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်မည့် အခြေအနေမှာ လိုအပ်ချက်များစွာ ရှိနေသေးသည်။

---

[12] DVB, May 7 2024
https://burmese.dvb.no/post/651235
[13] Kantarawaddy Times, 21 June 2024
https://web.facebook.com/KantarawaddyTimes/posts/pfbid08BMyLfKHpwQN3tbHaXwMgjBFpGhBMPXgrJFHeEfzQuMVC1DJMFQaBANciSbdn28Zl

## ၂.၂.စစ်ပွဲအတွင်း ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ


ပဋိပက္ခကာလအတွင်း အမျိုးသမီးများ၏ အခြေအနေအပေါ် မြန်မာ့အမျိုးသမီးသမဂ္ဂမှ စောင့်ကြည့်လေ့လာချက်အရ ၂၀၂၄ ခုနှစ်၊ မေလအတွင်း အကြမ်းဖက်စစ်တပ်၏ အရပ်သား ပစ်မှတ်ထားချေမှုန်းမှု၊ နည်းမျိုးစုံဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှု၊ မုဒိမ်းကျင့်သတ်ဖြတ်မှုများကြောင့် မြန်မာနိုင်ငံတဝှမ်းလုံး တွင်ရှိသော အမျိုးသမီး စုစုပေါင်း (၄၁) ဦးသေဆုံးခဲ့ရပြီး (၂၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ၎င်း အချက်အလက်များကို လေ့လာကြည့်ရာတွင် လေကြောင်းတိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးသူ (၁၄) ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ (၃) ဦး၊ မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ (၁) ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ (၇) ဦး၊ အကြမ်းဖက်စစ်တပ်၏ သတ်ဖြတ်မှုကြောင့် သေဆုံးသူ အမျိုးသမီးပေါင်း (၈) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် သေဆုံးသူ (၁၆) ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ (၁၂) ဦး၊ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ (၅) ဦးနှင့် အကြမ်းဖက် စစ်အုပ်စု၏ ထောက်တိုင် ပျူစောထီးများ၏ မုဒိမ်းကျင့်သတ်ဖြတ်ခံရမှုကြောင့် သေဆုံးသူ (၂) ဦးထိ ရှိခဲ့သည်။ [14]




ထို့ပြင် မိမိတို့မြန်မာ့အမျိုးသမီးသမဂ္ဂ၏ စောင့်ကြည့်လေ့လာချက်အရ ၂၀၂၄ခုနှစ် ဇွန်(၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းအမျိုးသမီး (၆၇)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများ နေထိုင်ရာအိမ်နှင့်ရပ်ရွာသို့

[14] Burmese Women's Union, May 31 2024
https://burmesewomensunion.org/?p=4656

လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၄၄)ဦး၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၁၆)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်မှုကြောင်း (၅)ဦး၊ မြေမြုပ်မိုင်းနင်းမိမှုကြောင့် (၂)ဦးတို့ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီး (၆၇)ဦးထဲမှ (၁၄)ဦးသည် အသက် ၁၈နှစ်အောက် အမျိုးသမီးများ ဖြစ်ကြသည်ကို တွေ့ရသည်။ ထို့ပြင် အမျိုးသမီးပေါင်း (၅၇)ဦးဒဏ်ရာ ရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၂၄)ဦး၊ လေကြောင်းမှဗုံးကြဲမှုကြောင့် (၂၆)ဦးနှင့် မြေမြှုပ်မိုင်းကြောင့် (၂)ဦး တို့ဖြစ်ကြသည်။ အကြမ်းဖက်စစ်အုပ်စုမှ မုဒိမ်းကျင်မှု (၁)ဦး နှင့် အရပ်သားပြည်သူမှ မုဒိမ်းကျင့်မှုတ (၁)ဦး တို့ဖြစ်ကြသည်။ ထို့ပြင် ထောင်အာဏာပိုင်များမှ နိုင်ငံရေး အကျဉ်းသူများအား ရိုက်နှက်မှုကြောင့် (၅)ဦးတို့သည် ပြင်းထန်စွာဒဏ်ရာရခဲ့သည်။ ယင်းအချက်အလက်များအရ အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ ထောက်တိုင်များသည် မြန်မာနိုင်ငံတဝှမ်းလုံးတွင်ရှိသော အမျိုးသမီးများ၏ လုံခြုံမှုအား အစဉ်တစိုက် ခြိမ်းခြောက်ကာ အန္တရာယ်ပြုနိုင်သည့် အနေအထားတွင် ရှိနေသည်ဟု မိမိတို့အနေဖြင့် သုံးသပ်ရပါသည်။




အကြမ်းဖက်စစ်တပ်သည် လူသားမျိုးနွယ် ပျက်သုဉ်းစေမှုနှင့် စစ်ရာဇဝတ်မှုများအား ပြောင်ပြောင်တင်း တင်း ကျူးလွန်လျက်ရှိသည်။ NLD ၏ ထုတ်ပြန်ချက်များအရ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ သုံးနှစ်ကျော်အတွင်း ငါးဦးနှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ပေါင်း (၁၁၅) ကြိမ်ရှိခဲ့ကာ အရပ်သား (၁၆၇၀) သေဆုံးခဲ့သည်။ ယင်းသတ်ဖြတ်မှုများတွင် စစ်တပ် စစ်ကြောင်းများမှ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီး များနှင့်

ပစ်ခတ်ခြင်း၊ မီးရှို့သတ်ဖြတ်ခြင်းများအား စနစ်တကျ ဆက်တိုက်ကျူးလွန်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။[15]

မေလ (၂၉) ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၊ ဗျိုင်းဖြူရွာမှ အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများပါမကျန် (၃) ရက်အတွင်း လူပေါင်း (၇၆) ဦးအား သတ်ဖြတ်ခဲ့သည့်အပြင် အမျိုးသမီးအချို့ကိုလည်း မုဒိမ်းကျင့်ခဲ့ကြောင်း အာရက္ခတပ်တော်၏ ထုတ်ပြန်ချက်တွင်လည်း ဖော်ပြထားသည်။ ထို့ပြင် လူပေါင်း၄၊ရာဝန်းကျင်အား ဆက်လက်စစ်ဆေးဖမ်းဆီး ရိုက်နှက်၊ နှိပ်စက်မှုများ ပြုလုပ်နေဆဲဖြစ်သည်။ ရိုက်နှက်ဒဏ်ရာကြောင့် ဆေးရုံတက်ကုသနေရသူများ ထဲတွင် အသက်မပြည့်မသေးသည့် ဆယ်ကျော်သက်အရွယ်အများစု ပါဝင်ပြီး ဆေးရုံကို မိသားစုဝင် တဦးသာ လာခွင့်ရှိကာ စစ်တပ်လက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များမှ အနီးကပ်စောင့်ကြည့်နေကြောင်း သိရှိရသည်။ ဗျိုင်းဖြူရွာမှ အမျိုးသားများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်နေစဉ် အမျိုးသမီးနှင့် ကလေးငယ်များအား ရွာတွင်း နေခွင့်မပေးပဲ မြို့တွင်းပို့ဆောင်၊ ပိတ်လှောင်ထားသည်။[16]

တိုင်းရင်းသားဒေသများတွင် စစ်ကြောင်းဝင်ရောက်သည့်အခါမျိုးတွင် သာမက စစ်တပ်၏ အင်စတီ ကျူးရှင်းတစ်ခုလုံးသည် မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား စစ်လက်နက် သဖွယ် အသုံးပြုနေဆဲဖြစ်သည်။ အကြမ်းဖက်စစ်တပ် အင်စတီကျူးရှင်းတခုလုံးနှင့် ထောက်တိုင်များ၊ တပ်သားများသည် မုဒိမ်းပြုကျင့်ခြင်းအား ရာဇဝတ်ပြစ်မှုအဖြစ် မသတ်မှတ်ပဲ ပြောင်တင်းစွာ ကျူးလွန်နေသည်။ ယခု (၃) လတာကာလ အတွင်းတွင်လည်း အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ တပ်သားများသည် ရှမ်းပြည်နယ် တောင်ပိုင်းရှိ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။ ဧပြီ (၁၄) ရက်တွင် ဆီဆိုင်မြို့နယ်ရှိ စစ်ရှောင် အမျိုးသမီးတစ်ဦး အား အကြမ်းဖက်စစ်တပ်၏ တပ်သားတစ်ဦးမှ လက်ပစ်ဗုံးပြ၊ ဦးခေါင်းကို သေနတ်ထောက်ချိန်ရွယ် ခြိမ်းခြောက်ကာ အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။[17] ဤဖြစ်စဉ်သည် အမျိုး သမီးများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးကို အလွန်ပင်ခြိမ်းခြောက်နေပြီး နေ့စဉ်နှင့်အမျှ စိုးရိမ်ကြောက်လန့်နေကြရသည်။ အကြမ်းဖက်စစ်တပ်၏ စစ်ရာဇဝတ်မှုမြောက်သော လုပ်ရပ်များအတွက်

[15] RFA Burmese, 14 June 2024
https://web.facebook.com/rfaburmese/posts/pfbid02icvWkSGqCfpuDLWNtE9RMy6UjfCNXhCfzpBVknqMmKoC2nsRU926yAmD3ZSgi2qRl
[16] Delta News Agency, 21 June 2024
https://www.facebook.com/deltanewsagency/posts/pfbid035F6qB2FDo5kssJoMkjRv63EpaVuX6cjGfTKp2Neyr1NTPSRbLAdGuaBra85txx2Kl
[17] DVB, 30 May 2024
https://burmese.dvb.no/post/654036

ယခုချိန်ထိတိုင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အမျိုးသမီး များအပေါ် နည်းမျိုးစုံဖြင့် စိတ်ပိုင်းရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားရန် အခွင့်အလမ်းများ ရနေသကဲ့သို့ ဖြစ်နေသည်။

## ၃. တော်လှန်ရေးအဖွဲ့အစည်းများ၊ တပ်ဖွဲ့များအတွင်း လိင်ပိုင်းဆိုင်ရာကျူးလွန်မှုနှင့် လိင်အမြတ်ထုတ် စော်ကားမှုများ

အကြမ်းဖက်စစ်တပ်နှင့် အာဏာရှင်စနစ်အား တော်လှန်နေသည့် ကာလတွင် တော်လှန်ရေးအင်အားစုများအနေဖြင့် အာဏာရှင်၏ စရိုက်၊ လက္ခဏာများနှင့် ပုံစံတူများ ဖြစ်မလာရန် အထူးသဖြင့် အသိ၊ သတိနှင့် တော်လှန်ရေးခရီးကို ရှေ့ဆက်ရမည်ဖြစ်သည်။ တော်လှန်ရေး အရေခြုံကာ အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်၊ နှောင့်ယှက်စော်ကားသည့် ဖြစ်စဉ်များသည်လည်း တော်လှန်ရေး တပ်ဖွဲ့များနှင့် တော်လှန်ရေးတွင် ပါဝင်နေကြသောလူပုဂ္ဂိုလ်များအတွင်း ခပ်စိတ်စိတ်ဖြစ်လာသည်။ စုံလင်ကွဲပြားပြီး သာတူညီမျှမှုရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုလွန်ကာလများကို မျှော်မှန်းတိုက်ပွဲဝင်ချိန်တွင် ယင်းကဲ့သို့ ဖြစ်စဉ်များအပေါ် ထိရောက်စွာ ကိုင်တွယ်အရေးယူသင့်သည်။ ထို့အတူ ကျူးလွန်ခံရမှုများမှ ရှင်သန်လွတ်မြောက်လာသူများအား ရုပ်ပိုင်း၊ စိတ်ပိုင်း စိတ်ချလုံခြုံမှု၊ ကုစားမှုဖြင့် ပြည့်ဝစွာ ကာကွယ်ရပ်တည်ပေးရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇွန်လ (၇) ရက်နေ့တွင် The Voice of Spring မှ " တော်လှန်ရေးမျက်နှာဖုံးနဲ့ မြာပွေတဲ့ကတုံးသို့မဟုတ် အရည်ခြုံ ဦးကောဝိဒ(ရွှေအုန်းပင်)" ဆောင်းပါးကို ထုတ်ဖော်ခဲ့သည်။ ယင်းဆောင်းပါးတွင် တော်လှန်ရေးတွင် ပါဝင်နေသည့် အရှင်ကောဝိဒ(ရွှေအုန်းပင်) အမည်ရသော ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတစ်ပါးမှ အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်သည့် ဖြစ်စဉ်များကို ဖော်ထုတ်ရေးသားထားခြင်းဖြစ်သည်။ ဦးကောဝိဒသည် လူမှုကွန်ယက်ပေါ်တွင် အမျိုးသမီးတစ်ဦးအား ရင့်သီးရိုင်းစိုင်း သောမှတ်ချက်များ ရေးသားထားသည်ကို တွေ့ရသည်။[18] ထို့ပြင်တော်လှန်ရေးတွင် ပါဝင်နေသော တော်လှန်ရေးတပ်ဦးမှ အစိုးရတစ်ရပ်ဟု သတ်မှတ်ထားသည့် အစုအဖွဲ့များမှ တာဝန်ရှိသူများကပါ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါး၊ နှောင့်ယှက်၊ စော်ကားသည့် ဖြစ်ရပ်များတွင် ကျူးလွန်သူများအဖြစ် ပါဝင်လာကြသည်ကိုတွေ့ရသည်။ အာဏာရှင်စနစ်နှင့် ယန္တယားအား တော်လှန်နေသူများ၏ စိတ်ဓာတ်နှင့် ခံယူချက်၊ တော်လှန်ရေးအပေါ် ယုံကြည်မှုနှင့် အမျိုးသမီးများ အပေါ် သဘောထား၊ ရှုမြင်ပုံတို့ကို ဝေဖန်ဆန်းစစ်ရမည့် အချိန်ကာလသည် တော်လှန်ရေးလွန်ကာလ မဟုတ်ဘဲ ယခုကာလ ပင်ဖြစ်သည်ဟု မိမိတို့ အနေဖြင့် ယုံကြည်ပါသည်။

---

[18] The Voice of Spring,7 June 2024
https://web.facebook.com/thevoiceofspring/posts/pfbid029TBsWutyehhv7gKgCayjjKpFaPG4JawVk6uwqu5PDbf8MBmjvhBnJ4o2UDZRV1PCl

ဖြစ်ရပ်တစ်ခုတွင် အမျိုးသားညီညွတ်ရေး အစိုးရ NUG ၏ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာကိုယ်စားလှယ် ဆလိုင်းအိုက်ဇက်ခင်သည် ၎င်း၏ ရုံးဝန်ထမ်းအမျိုးသမီးတဦးအား လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုဖြင့် ၂၀၂၄ မတ်လမှ စတင်ကာ တိုင်ကြားခံထားရသည်။ ၂၀၂၄ ခုနှစ် မေ ၂၀ ရက်တွင် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရ တိုင်ကြားချက်ပါကိစ္စများအား ထပ်မံမဖြစ်ရန် နှုတ်နှင့်သတိပေးထားခဲ့ကြောင်း သိရပြီး မေ ၃၀ ရက်နေ့တွင်မူ တိုင်ကြားသူနှင့် အခြားဝန်ထမ်းတစ်ဦးအား အလုပ်မှ ထုတ်ပယ်ခဲ့သည်။[19] ယင်းကိစ္စအားကိုင်တွယ် ဖြေရှင်းသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုကင်းမဲ့နေကြောင်း ကျူးလွန်ခံရသူ အမျိုးသမီးမှ လူမှုကွန်ယက်မှ တဆင့် သူ(မ)၏ ခံစားချက်များကို ထုတ်ဖော်ခဲ့သည်။ အမျိုးသမီးအဖွဲ့အစည်းအသီးသီးမှ ထိုဖြစ်ရပ်အပေါ် ထုတ်ဖော်ပြောဆိုလာကြပြီး ဆိုရှယ်မီဒီယာများတွင် ဝေဖန်သံများဆူညံလာသည့်အချိန် ဇွန် ၂၅ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာကိုယ်စားလှယ် ဆလိုင်းအိုက်ဇက်ခင် အား တာဝန်မှ ခေတ္တရပ်နားကြောင်း ထုတ်ပြန်ခဲ့သည်။[20]

အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) သည် "လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ် ခြင်းနှင့် မဖွယ်မရာပြုမူခြင်းဆိုင်ရာ အကာအကွယ်ပေးရေးမူဝါဒ" အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ သို့သော် ယခုဖြစ်ရပ်အား ကိုင်တွယ်ဖြေရှင်းရာတွင် ထုတ်ပြန်ထားသည့် မူဝါဒများသည် အသက်ဝင်မှုရှိမရှိ သေချာစွာ စောင့်ကြည့်ရမည်ဟု သုံးသပ်ရပါသည်။

---

[19] BBC Burmese , 22 June 2024.
https://www.bbc.com/burmese/articles/cxwwzzl9erjo?fbclid=IwZXh0bgNhZW0CMTAAAR2YSNP0JipH11E8MAO283BkEg7a03FVrwwxLNiJ4GmxtzfW2Kel-Uk6zNg_aem_tE016WloTUzYvtFLjL1F2g

[20] Ministry of Foreign Affairs Myanmar, 25 June 2024.
https://www.facebook.com/mofaNUG?_rdc=1&_rdr

## ၄. တရားမဝင်စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများအခြေအနေ

စစ်အုပ်စုသည် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ထုတ်ပြန်ခဲ့သော တရားမဝင် စစ်မှုထမ်း ဥပဒေ အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ (၁၀) ရက်နေ့တွင် အသက်ဝင်ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။ မြန်မာပြည်တွင်း၌ရှိသော စစ်မှုထမ်းဥပဒေတွင် အကျုံးဝင်သူ လူငယ်၊ လူလတ် အမျိုးသား၊ အမျိုးသမီးများ နောက်ဆက်တွဲ ဖြစ်ရပ်များစွာ ကြုံနေရသည်။ စစ်အုပ်စု၏ တရားမဝင် စစ်မှုထမ်း ဥပဒေ အကောင် အထည်ဖော်ရန် အင်အားလိုအပ်နေချိန် အမျိုးသမီးများကိုပါ ပစ်မှတ်ထားလာခဲ့ခြင်း ဖြစ်သည်။ မေ ၃၁ ရက်နေ့တွင်  ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းမှ တိုင်းစစ်ဌာနချုပ်အားလုံးအား အမျိုးသမီးများ အပတ်စဉ် ၅ ဇူလိုင်လထဲတွင် စစ်မှုထမ်းနိုင်ရန် စာရင်းကောက်ယူခြင်း၊ သင်တန်းကျောင်း စီစဉ်ခြင်းများကိုပါ ကြိုတင်ပြင်ဆင်ထားရန် ညွှန်ကြားခဲ့ကြောင်း တိုင်းစစ်ဌာနချုပ်နဲ့ နီးစပ်သူတစ်ဦးမှ ပြောကြားခဲ့သည်။[21]



*People queue to apply for visas at the Royal Thai Embassy in Yangon on Feb. 14. (Credit: Royal Active Travels)*

၎င်းထုတ်ပြန်ချက် ထုတ်ပြန်ပြီး ရက်ပိုင်းတွင် မြန်မာနိုင်ငံတွင်းရှိ နယ်မြေအချို့များ၌ အမျိုးသမီးများ ကိုပါ စတင်စုဆောင်းလာကြောင်း ခိုင်လုံသည့် သတင်းဌာနများတွင် ဖော်ပြလာခဲ့သည်။[22] တနင်္သာရီတိုင်း ကော့သောင်းမြို့နှင့် ဘိတ် ခေါ် မြိတ်မြို့ရှိ ကျေးရွာတချို့တွင် အမျိုးသမီးစစ်မှုထမ်းစာရင်းအား သန်းခေါင်စာရင်းကောက်သည့် ပုံစံဖြင့် ဆောင်ရွက်နေသည်ဟု မြိတ်မြို့ခံတစ်ဦးက ပြောသည်။ ထို့ကြောင့်

[21] DVB, 4 June 2024
https://burmese.dvb.no/post/654629
[22] Myanmar Now, 13 June 2024
https://myanmar-now.org/mm/news/53292/?fbclid=IwZXh0bgNhZW0CMTAAAR1FpiWm-fe6ANc1yKRFDiU0vT0NIvdsDeNysav0AJgVg5toatC2PS-oRbw_aem_4_Y83IkRpoal-qxrtk6UZA

လူငယ်များသည် မိမိတို့မြို့နှင့်ရပ်ရွာမှ အခြားနေရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်ကို လည်း တွေ့ရှိရသည်။

ထို့မျှမက ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ် ကျေးလက်ဒေသတစ်ခုတွင်လည်း စစ်မှုထမ်းရန် စာရင်းပါရှိသည့် အမျိုးသားလူငယ်များ ရွာထဲတွင် မရှိ၍ ရှိသည့် လူငယ်အမျိုးသမီးများအား စာရင်း ကောက်ယူထားရန် မြို့နယ်အဆင့်က ညွှန်ကြားထားကြောင်း တွေ့ရသည်။ ထို့ပြင် စစ်ကိုင်းတိုင်း ဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းတိုက်နယ်တွင် စစ်တပ်မှ လက်နက်တပ်ဆင်ပေးထားသော ဦးဝါသဝ၏ ပြည်သူ့စစ်အဖွဲ့များက ဇွန်လ ပထမပတ်မှစ၍ ရွာတချို့အား ဝင်ရောက်ကာ ဒေသခံများကို ဖမ်းဆီးနေကြောင်း သိရသည်။[23] အကြမ်းဖက်စစ်တပ်သည် အတင်းအဓမ္မ လူသစ်စုဆောင်းရုံမက စစ်မှုထမ်း လူစားထိုးရန် ငွေကောက်ခံသည့်ပုံစံကိုပါ ပြုလုပ်နေသည်။ ပဲခူးတိုင်း အနောက်ဘက်ခြမ်း၊ လက်ပံတန်းမြို့ မြို့မရပ်ကွက်မှ မိခင်နှင့်အတူနေထိုင်သူ၊ အမျိုးသမီးရောဂါကြောင့် ခွဲစိတ်မှုခံယူထားရ သည့် ကျန်းမာရေးမကောင်းသူတဦးလည်းဖြစ်၍ စီးပွားရေးအဆင်မပြေသူ မစိမ်းစိမ်းမေသည် စစ်တပ် လက်အောက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ စစ်မှုထမ်းလူစားထိုးငှားရမ်းရန် ကောက်ခံသည့် ငွေကျပ် (၁) သောင်းကျပ်အား ပေးဆောင်ရန် ငြင်းဆန်ခဲ့တဲ့အတွက် ဇွန် ၅ ရက် ညပိုင်းတွင် စစ်တပ်မှ ဝင်ရောက်ဖမ်းဆီးသွားကြောင်း သိရှိရသည်။[24] တရားမဝင် စစ်မှုထမ်းဥပဒေကြောင့် အမျိုးသမီးများ သည် တိုက်ရိုက်နည်းဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်နည်းဖြင့်သော်လည်းကောင်း၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာ ခံစားနေရကြောင်း မြန်မာ့အမျိုးသမီးသမဂ္ဂမှ ၂၀၂၄ ခုနှစ် ဇွန်လ (၁၉) ရက်နေ့တွင် သုံးသပ်ချက် တစောင်ထုတ်ပြန်ခဲ့သည်။[25] ယင်းသုံးသပ်ချက်တွင် အမျိုးသမီးများ၏ ဘဝ ရပ်တည်ရေးနှင့် စားဝတ်နေရေးအတွက် လိုအပ်ချက်များ၊ အကြပ်အတည်းများ ဖြစ်ပေါ်လာသည်သာ မက စစ်မှုထမ်းဥပဒေ ကင်းလွတ်ရန် အရွယ်မတိုင်မှီ အိမ်ထောင်ပြုခြင်းနှင့်အတူ အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်များအဖြစ်သို့ တွန်းပို့နေသည်ဟု သုံးသပ်တင်ပြထားသည်။

---

[23] RFA Burmese, 21 June 2024
https://web.facebook.com/rfaburmese/posts/pfbid02RnFqTWQ97YMQ69x3YdYmZvDwqPnuH12NxKav2RoodcJi6ZpniYz8kRUS5j44neYpl

[24] မြေလတ်အသံ,Myaelatt Athan, 7 June 2024
https://web.facebook.com/myaelattathan/posts/915307363968862?ref=embed_post&_rdc=1&_rdr

[25] Burmese Women's Union, 19 June 2024
https://burmesewomensunion.org/?p=4662

## ၅. ပြည်တွင်းရှိအမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာအခြေအနေ

မြန်မာနိုင်ငံတွင်းရှိ ဒေသအသီးသီးမှ အမျိုးသမီးများ၏ လူမှုဘဝ လုံခြုံမှုသည် ခေတ်အဆက်ဆက် နိမ့်ကျလျက်ရှိပြီး ၂၀၂၁ ခုနှစ်နောက်ပိုင်း ပိုမိုဆိုးရွားနေသည်။ အမျိုးသမီးအခွင့်အရေးများ ချိုးဖောက်ခြင်းသာမက ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကိုပါ အစဉ်တစိုက်ပြုလုပ်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအညွှန်းကိန်းအဆင့် The Global Women’s Peace and Security Index (WPS Index) တွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် အောက်ဆုံးအဆင့်တွင် ဖော်ပြခံနေရသည်။ [26]




*Source: Women Peace and Security Index 2023/2024*

မြန်မာပြည်တွင်းရှိ ပဋိပက္ခကာလများအတွင်းတွင် အမျိုးသမီးများသည် နေ့စဉ်ကြောက်ရွံ့မှု ထိတ်လန့်မှုနှင့် ရင်ဆိုင်ရသည်။ အမျိုးသမီးများ ဖမ်းဆီးခံရခြင်းသည်လည်း တရက်ထက် တရက်များပြားလာလျက်ရှိသည်။

[26] DVB, April 9 2024
https://burmese.dvb.no/post/647631

ဇွန် (၁၉) ရက်နေ့တွင် ပန်းသပိတ် ပြုလုပ်သည့် စွပ်စွဲချက်ဖြင့် မန္တလေးမြို့မှ ပန်းပန်သူ အမျိုးသမီး တဒါဇင်ခန့်အား စစ်တပ်မှ ဖမ်းဆီးခဲ့သည်။[27]



*ကနီမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၇၉)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် နှင်းဆီ (၁၀၀၀) ဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြသပိတ် ကျင်းပပြုလုပ်ခဲ့သည်ကို ၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က တွေ့ရစဉ်။ (Photo: GSCB)*


အကြမ်းဖက် စစ်တပ်သည် ပြည်တွင်းနေရာ အသီးသီးတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြောင်တင်းစွာ ကျူးလွန်ကာ သတင်းစီးဆင်းမှု ရပ်တန့်စေရေး အင်တာနက်နှင့် ဗီပီအန် (VPN) အသုံးမပြုနိုင်အောင် ဖြတ်တောက်မှုများ ဆိုးရွားစွာ ပြုလုပ်လာသည်။ ဇွန်လ ၁၃ ရက်နေ့တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့ နေခြည်ဈေး အပါအဝင် လူစည်ကားရာ လမ်းဆုံးလမ်းခွနေရာများ၌ လမ်းသွားလမ်းလာများနှင့် ဈေးသူ၊ ဈေးသားများ၏ လက်ကိုင်ဖုန်းများအား စစ်တပ်နှင့် ပူပေါင်းအဖွဲ့များက စစ်ဆေးခဲ့ပြီး VPN ဆော့ဝဲလ်တွေ့ရှိသူ လူနှစ်ဆယ်ခန့်အား ဖမ်းဆီးဒဏ်ရိုက်ခဲ့ကြောင်း မြန်အောင်မြို့ခံများမှ တဆင့် သိရှိရသည်။ ယင်း လူ (၂၀) ထဲတွင် နေခြည်ဈေးမှ ဦးတင်မြင့်စတိုးဆိုင် ဆိုင်ပိုင်ရှင် အမျိုးသမီးနှစ်ဦးအား မြန်အောင် မြို့မရဲခစန်းအထိ ဖမ်းခေါ်သွားခဲ့ကာ ညပိုင်းရောက်မှ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အကြမ်းဖက် စစ်တပ်သည် ဆိုက်ဘာလုံခြုံရေး ဥပဒေမူကြမ်းအား ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြင်ဆင်ရေးဆွဲနေပြီး ခွင့်ပြုချက်မရဘဲ VPN သုံးပါက ထောင်သုံးနှစ်၊ ငွေဒဏ် ကျပ်သိန်းငါးဆယ် သို့မဟုတ်

[27] မြေလတ်အသံ,Myaelatt Athan, June 19 2024

https://www.facebook.com/myaelattathan/posts/pfbid07xoVStF1PL1w1TcvUZXsfxmPRja1C6jg5Mi91VcQ4ZmGnaXBqpe9KUgKFw7hWAmDl

ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည့် ဥပဒေပုဒ်မများ ပါဝင်လာခဲ့သည်။ မလုံခြုံမှု အခြေအနေများ၊ အကြမ်းဖက် စစ်တပ်၏ အောက်ခြေတပ်သား၊ ဗျူရိုကရက် ယန္တယားမှ လာဘ်စားမှု အကျင့်ပျက် ခြစားမှုများနှင့် ရုန်းကန် ရုန်သန်ရင်း သတင်းအမှောင်ချမှုဒဏ်အား ပိုမို ကြုံတွေ့ခံစားရဖွယ်ရှိနေသည်။ [28]


*Photo: A woman uses her mobile phone to check Facebook in Naypyitaw, a month after the military coup (AFP / STR)*

ပဋိပက္ခကာလအတွင်း အမျိုးသမီးများပေါ် ခြိမ်းခြောက်နေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် မုဒိမ်းပြုကျင့်ခံရခြင်းသည်လည်း အဆိုးရွားဆုံး အနေအထားသို့ ရောက်ရှိနေသည်။ အကြမ်းဖက် စစ်တပ်၏ အောက်ခြေဗျူရိုကရက် ယန္တယားယိုယွင်းမှုများသည်လည်း အမျိုးသမီးများ အသက်အရွယ်မရွေး ထိခိုက်လာနိုင်သည့် အခြေအနေဖြစ်နေသည်။ နေပြည်တော်အခြေစိုက် အမှတ် ၂၀ လုံခြုံရေးရဲ တပ်ဖွဲ့ခွဲ (ရတဖ-၂၀)တွင် ဌာနချုပ်တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည့် တပ်ပြောင်းအရာရှိ
ရဲမှူး လှကျော်ဦးသည် ၎င်း၏တပည့်ဖြစ်သော ရဲတပ်ကြပ်မောင်မောင်ဦး၏ အသက်မပြည့်သေးသည့် အသက် ၁၆ နှစ်အရွယ် သမီးငယ်ကို ရဲအရာရှိအိမ်ယာတန်းသို့ ခေါ်ယူ၍ အကြိမ်ကြိမ် မုဒိမ်းပြုကျင့်မှု ပေါ်ပေါက်ခဲ့သည်။ ဇွန်လ ၅ ရက်နေ့တွင် ရဲမှူးလှကျော်ဦးမှ အသက်မပြည့်သေးသော သမီးငယ်အား ရဲအရာရှိအိမ်ရာသို့ ခေါ်ယူမုဒိမ်းမှုကျူးလွန်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လကတည်းက အကြိမ်ကြိမ်

[28] RFA Burmese, 14 June 2024
https://web.facebook.com/rfaburmese/posts/pfbid02T2miCquPiPcf8EAmDGvFPYP4PmDWCX1bUXjqbAuB3ogEXATadxRKwGhPeikdQyXgl

ခေါ်ယူမုဒိမ်းပြုကျင့်ခဲ့ကြောင်း၊ ယင်းသို့ မုဒိမ်းပြုကျင့်မှုကို တိုင်ကြားပါက မိဘများကို ဒုက္ခပေးမည်ဟု သမီးငယ်ကို ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရသည်။ ရဲမှူးလှကျော်ဦးက ၎င်းအလိုရှိသည့်အချိန်တိုင်း မိန်းကလေးငယ်ကို မုဒိမ်းပြုကျင့်ခဲ့ကြောင်း၊ ဇွန်လ ၅ ရက်နေ့တွင် ခေါ်ယူမုဒိမ်းပြုကျင့်ပြီးနောက် မိန်းကလေးငယ်က မိန်းမကိုယ်တွင် ဒဏ်ရာများရရှိသဖြင့် ၎င်းယိုတိုင်ကြားခဲ့ရာမှ ထိုဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ် ကြောင်း သိရှိရသည်။ [29]

မြန်မာ့အမျိုးသမီးသမဂ္ဂမှ နိုင်ငံရေးအကျဉ်းသူများ အခြေအနေအား စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး သုံးသပ်ချက်စာစောင်များတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ယခု (၃) လတာတွင်လည်း နိုင်ငံရေး အကျဉ်းသူများအား ထောင်တွင်း နှိပ်စက်မှုများ ဖြစ်ပွားခဲ့သည်။ ဇွန်လ (၁၅) ရက်၊ နေ့လည် ၁၂ နာရီခန့်တွင် ကျိုက်မရောထောင်မှ ပြောင်းရွှေ့လာသည့် နိုင်ငံရေးအကျဉ်းသူများ၏ ပစ္စည်းများအား ရှာဖွေပြီး ပြန်မပေးဘဲ ယူထားသောကြောင့် ပြန်ပေးရန် တောင်းဆိုရာ၌ ကောင်းမွန်စွာ မဖြေရှင်းဘဲ ထောင်အာဏာပိုင်အမျိုးသားများသည် အင်အားသုံးဝင်ရောက်ကာ နိုင်ကျဉ်းအမျိုးသမီး (၈၀)ကျော်အား ရိုက်နှက်ခဲ့သဖြင့် (၅) ဦးဒဏ်ရာ အပြင်းအထန်ရရှိခဲ့သည်။ ကျိုက်မရောထောင်မှ ပြောင်းရွှေ့လာသည့် နိုင်ငံရေးအကျဉ်းသူ (၃၀) ကျော်နှင့် ဒိုက်ဦးထောင်၌ရှိသော နိုင်ငံရေး အကျဉ်းသူဟောင်း (၅၀) ကျော်အား ဦးစီးအရာရှိ ကျော်ဇေယျ၊ မျိုးသီဟအောင် (၁ ပွင့်)၊ မင်းဇော်သိန်း (၁ ပွင့်)၊ အဆောင်မှူး ကိုလေးမြင့်တို့မှ ဦးဆောင်ကာ အမျိုးသားဝန်ထမ်း ၂၀ ခန့်သည် သေနတ်ပစ်ဖောက်ပြီး လေးခွနှင့်ပစ်ခြင်း၊ ရာဘာတုတ်၊ သစ်သားတုတ်၊ ကျစ်ကြိုးများနှင့် ရိုက်နှက်ခဲ့ခြင်းအပြင် ကျဉ်စက်နှင့် တို့ခြင်းများပါ ပြုလုပ်ခဲ့ကြောင်း သိရသည်။[30] အမျိုးသမီးများ၏ လုံခြုံမှုသည် အခြေအနေပေါင်းစုံအောက်တွင် တရက်ထက်တရက် ဆိုးရွားလာသည်။ အကျဉ်းထောင်ထဲမှ နိုင်ငံရေးအကျဉ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ အလွန်ဆိုးဝါးသည့် အနေအထားကို ရောက်ရှိနေပြီ ဖြစ်သည်။

[29] Khit Thit Media, 6 June 2024
https://web.facebook.com/story.php?story_fbid=819546546939620&id=100066528465996&mibextid=qi2Omg&rdid=fFzldlrxABvx419j&_rdc=1&_rdr

[30] မြေလတ်အသံ-Myaelatt Athan, 19 June 2024
https://web.facebook.com/myaelattathan/posts/pfbid02RYPSiEpxtgiQGTyU4kZxLyHDMPkdd2JM3vpsin2aVRm4GHWzLxtRnYpNSGfkFhjWl



*Photo: Social Media, Citizen Journalist*

## ၆. **စီးပွားရေးကျဆင်းလာခြင်းကြောင့်ဖြစ်ပေါ်လာသောအခြေအနေများ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့ အကြမ်းဖက် စစ်တပ်မှ အာဏာသိမ်းရန် စတင်ကြိုးပမ်းချိန်မှစ၍ မြန်မာနိုင်ငံ၏ စီးပွားရေးသည် တရှိန်ထိုးကျဆင်းခဲ့သည်။ ကမ္ဘာ့ဘဏ်မှထုတ်ပြန်သည့် မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသူအရေအတွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်ခင်ကထက် (၇)သန်းတိုးလာသည်ဟု ၂၀၂၄ခုနှစ် ဇွန်လ(၁၂)ရက်နေ့၌ သတင်းထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်ထဲတွင် နှစ်အစပိုင်း၌သာ နိုင်ငံ့လူဦးရေ၏ ( ၃၂)ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးသည့် အခြေအနေကို ရောက်ရှိလာပြီး ၂၀၁၅ ခုနှစ်တွင် မြင်တွေ့ခဲ့ရသည့် အခြေအနေသို့ ပြန်လည်ရောက် ရှိလာကြောင်း ဖော်ပြထားသည်။[31] အကြမ်းဖက်စစ်တပ်၏ မူဝါဒနှင့် စီးပွားရေးစီမံခန့်ခွဲမှု

[31] Myanmar Labour News, 12 June 2024
https://www.myanmarlabournews.com/posts/%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%80%90%E1%80%BD%E1%80%84%E1%80%BA%E1%80%86%E1%80%84%E1%80%BA%E1%80%B8%E1%80%9B%E1%80%B2%E1%80%94%E1%80%BD%E1%80%99%E1%80%BA%E1%80

အမှားများကြောင့် အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ ဈေးနှုန်းများ အဆမတန်မြင့်တက်မှုများအပေါ် အခြေခံ၍ အကြမ်းဖက်စစ်အုပ်စု၏ မဟာဗျူဟာ အလွဲအမှားများကို ကျွမ်းကျင်သူများက ထောက်ပြ ထားသည်။



*Photo: People queue with empty plastic bottles to buy cheap vegetable oil, in Yangon ,* Agence France-Presse (AFP)

[32]အချို့သော ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာနှင့် လက်လီအရောင်းဆိုင်များ၌ ဇွန်လ ၂၅ ရက်မှ စ၍ ဆန်ရောင်းချမှုများ ရပ်နားထားကြောင်း ဈေးဝယ်သူများထံမှ သိရသည်။ ထို့ပြင် ဆန်ဈေးနှုန်းများ မတည်ငြိမ်မှုများ ပြုလုပ်နေသည်ဟု စွပ်စွဲချက်ဖြင့် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီမှ ထိပ်တန်းဆန်လုပ်ငန်းရှင် ငါးဦးထက်မနည်း ဖမ်းဆီးစစ်ဆေးခံနေရကြောင်း လေ့လာတွေ့ရှိရသည်။ ပြည်တွင်း၌ ကုန်ဈေးနှုန်း မတည်ငြိမ်မြင့်တက်နေမှုများကြောင့် ဝင်ငွေနည်းပါးသည့် ပြည်သူများနှင့် ပုံသေလစာရရှိနေသည့် ဝန်ထမ်းများအပြင် အခြေခံလူတန်းစားများ အဓိကအားဖြင့် ထိခိုက်မှုများ ဖြစ်ပေါ်နေသည်။ ကျပ်ငွေတန်ဖိုး ကျဆင်းလာပြီး စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများ ဈေးနှုန်း အဆမတန် မြင့်တက်လာပြီး ပြည်သူများ စားဝတ်နေရေးပိုမိုခက်ခဲလာခြင်း ဖြစ်သည်။ ဤအခြေအနေတွင် အကြမ်းဖက်စစ်တပ်၏

%B8%E1%80%95%E1%80%AB%E1%80%B8%E1%80%9E%E1%80%B0-%E1%81%87-%E1%80%9E%E1%80%94%E1%80%BA%E1%80%B8%E1%80%91%E1%80%AD%E1%80%90%E1%80%AD%E1%80%AF%E1%80%B8%E1%80%9C%E1%80%AC?fbclid=IwZXh0bgNhZW0CMTEAAR1ie-CqUSILit_2qd3uD7tgXe7VR4J84FZuGSZj_NkksLjxq2EWaB3vqY8_aem_UvOmrU8DhyAgox1awe-FiA

[32]RFA Burmese, 25 Jun 2024
https://www.facebook.com/100064542350311/posts/888020046692732/?mibextid=WC7FNe&rdid=MUhXrXUPJpFF5WKB

အလုပ်သမားဝန်ကြီးဌာနမှ ခေတ်ကာလနှင့် ကိုက်ညီသော လုပ်ခလစာ ပေးချေရေးကို ပြောင်းလဲသတ်မှတ်ခြင်းများ မရှိသေးပေ။ စီးပွားရေးဆိုးရွားစွာ ကျဆင်းလာသည့်အခြေအနေသည် မိခင်များ၊ အိမ်ရှင်မများအပါအဝင် အမျိုးသမီးများအပေါ် ရိုက်ခတ်မှုကြီးစွာဖြစ်ပေါ်လျက် ရှိသည်။



*Photo: People queue with empty plastic bottles to buy cheap vegetable oil, in Yangon* , Agence France-Presse (AFP)

## ၇. သုံးသပ်ချက်

တော်လှန်ရေး (၃) နှစ်ကျော် ကာလရောက်ရှိလာချိန်တွင် မြန်မာပြည်သည် ကျရှုံးနိုင်ငံသို့ အလုံးစုံဦးတည်လျက် ပြည်သူတရပ်လုံးမှာ အကြမ်းဖက်စစ်အုပ်စု၏ မတရားညှင်းပမ်းနှိပ်စက်မှုမျိုးစုံကို ခါးစည်းခံနေရသည်။ တဖက်တွင်လည်း အကြမ်းဖက် စစ်တပ်အား တော်လှန်နေသော တိုင်းရင်းသားဒေသများတွင် ၎င်းတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအရ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်များအား ထူထောင်ကာ တရားရေးဌာန၊ ရဲဌာနနှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကဲ့သို့သော လုပ်ငန်းရပ်များအား ထူထောင်လာကြပြီး ရှမ်းမြောက်ဒေသ မြို့သိမ်းတိုက်ပွဲများနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နယ်မြေပိုင်ဆိုင်မှု ပြဿနာများဖြစ်ပေါ်လာသည်ကိုလည်း တွေ့ရှိရသည်။စစ်ရေးအခြေပြုတော်လှန်ရေးကာလတွင် အမျိုးသမီးနှင့် ကလေးသူငယ်များ ထိခိုက်သေဆုံးမှု များပြား နေခြင်းသည် မငြင်းဆန်နိုင်သော အရှိတရားဖြစ်လာသည်။ ပဋိပက္ခကာလအတွင်း အမျိုးသမီးများ သေ ဆုံးခြင်း၊ ဖမ်းဆီးခံရခြင်းများ ပိုမိုများပြားလာသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ ပိုမို ဖြစ်ပွား လာသည်။ အကြမ်းဖက်စစ်တပ်သည် ယခုကာလတွင် ပြည်သူများ၏ ဖုန်းများအား စစ်ဆေးခြင်းနှင့် အင်တာနက် ဖြတ်တောက်ကာ သတင်းအမှောင်ချရန် ကြိုးပမ်းပြီး VPN ဆော့ဝဲရှိသည်ဟု စွပ်စွဲချက်ဖြင့် ကျားမမရွေး ဖမ်းဆီးမှုများ ပိုမိုလုပ်ဆောင်လာသည့်အတွက် မြန်မာနိုင်ငံတွင်းမှ ပြည်သူများအနေဖြင့် သတင်းအချက် အလက်ရရှိမှုများ တဖြည့်းဖြည်းနည်းပါးလာပြီး သတင်းအမှောင်ချမှုများ ပိုမိုဆိုးရွားလာမည့် အခြေ အနေသို့ ရောက်ရှိနေသည်။တဖက်တွင်လည်း တရားမဝင် စစ်မှုထမ်းဥပဒေ၏ နောက်ဆက်တွဲ အကျိုးဆက်များကိုလည်း ခါးစည်းခံ နေရသည်။ စီမံခန့်ခွဲမှု အလွဲအမှားများနှင့် နိုင်ငံ၏စီးပွားရေးသည် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိလာ သည်။ အကြမ်းဖက် စစ်တပ် အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ရင်းနှီးမြှုပ်နှံမှု လျော့ကျလာခြင်း၊ အလုပ်အကိုင်ကျဆင်းလာခြင်းနှင့် ကောင်းမွန်သည့်အလုပ်များရှားပါးလာခြင်း၊ ပြည်ပရွှေ့ပြောင်းသည့် လူဦးရေ များလာသည့်အတွက် ပြည်တွင်းတွင် လူစွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ စသည်တို့သည် ရေရှည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပို၍နှောင့်နှေးစေမည်သာ ဖြစ်သည်။ စစ်တပ်သည် တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ ပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်သော လုပ်ရပ်များ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများ၊ လေကြောင်းဖြင့် တိုက်ခိုက်ခြင်းများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများအား အထိန်းအကွပ်မဲ့စွာ ပိုမိုကျူးလွန်လာသည်။ တရားဥပဒေစိုးမိုးမှု မရှိသည့် အနေ အထားတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း များသည်ထက်များပြား လာသည်။ ထောင်တွင်း အမျိုးသမီးနိုင်ငံရေး အကျဉ်းသူများအား ဖိနှိပ်မှုများလည်း ရပ်တန့်သွားသည်ဟု မရှိပေ။ အကြမ်းဖက်စစ်တပ်မှ ၎င်း၏ လုပ်ရပ်များအတွက် ပြစ်ဒဏ် ကင်းလွတ်ခံရ နေခြင်းသည်လည်း ပြစ်မှုများ၊ အကြမ်းဖက်မှုများအား စဉ်ဆက်မပြတ်ဖြစ်ပေါ်စေသည်။ ယခု ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လ အထိ (၃)လတာကာလတွင် ပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ လူမှုဘဝလုံခြုံမှုသည် ပျောက်ဆုံးသည်ထက်ပျောက်ဆုံးနေသည်သာမက လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း ပိုမိုဆိုးရွားလာ ကြောင်း တွေ့ရှိရသည်။